# ညောင်ပင်သာကျေးရွာ

# တောင်တွင်းကြီးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်ပင်သာကျေးရွာ ၊ တောင်တွင်းကြီးမြို့နယ်

( စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )

၂၀၁၈ ခုနှစ် ၊ အောက်တိုဘာလ

## မာတိကာ


| | | | စာမျက်နှာ |
|---|---|---|---|
| စကားချီ | | | ၄ |
| တောင်တွင်းကြီးမြို့နယ် ၊ ညောင်ပင်သာကျေးရွာအရင်းအမြစ်ပြမြေပုံ | | | ၅ |
| ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ် | | | ၆ |
| (၁) | နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | | ၆ |
| ၁။ | တည်နေရာနှင့် ပထဝီအနေအထား | | ၈ |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | | ၈ |
| ၃။ | ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | | ၈ |
| | (က) | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ | ၈ |
| | (ခ) | စီပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၈ |
| | (ဂ) | အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၉ |
| | (ဃ) | ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၁၀ |
| | (င) | ပညာရေး | ၁၀ |
| | (စ) | ကျန်းမာရေး | ၁၀ |
| | (ဆ) | ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၀ |
| | (ဇ) | ကျား/မ ရေးရာ | ၁၀ |
| ၄။ | ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ | | ၁၁ |
| ၅။ | ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ | | ၁၂ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ | | ၁၃ |
| | ဇယား (၁) | လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ | ၁၃ |
| | ဇယား (၂) | ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်အခြေအနေ | ၁၄ |
| | ဇယား (၃) | ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ | ၁၄ |
| | ဇယား (၄) | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၁၅ |
| | ဇယား (၅) | ဥစ္စာဓနအဆင့်အခြေအနေ | ၁၇ |
| | ဇယား (၆) | စိုက်ပျိုးနိုင်သော မြေဧရိယာ | ၁၈ |
| | ဇယား (၇) | ကျေးရွာ၏ အဓိကသီးနှံများနှင့် အထွက်နှုန်း | ၁၉ |
| | ဇယား (၈) | မွေးမြူရေးလုပ်ငန်း | ၂၀ |
| | ဇယား (၉) | မွေးမြူရေးမဟုတ်သော စီပွားရေးလုပ်ငန်းကဏ္ဍ | ၂၁ |
| | ဇယား (၁၀) | အခြေခံအဆောက်ဦနှင့်ဝန်ဆောင်မှုများ | ၂၂ |
| | ဇယား (၁၁) | ကျေးရွာလမ်းပန်းဆက်သွယ်ရေးအခြေအနေ | ၂၃ |
| | ဇယား (၁၂) | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၂၃ |

| | | |
|---|---|---|
| ဇယား (၁၃) | သယ်ယူပို့ဆောင်ရေး ယာဉ်များနှင့်ဝန်ဆောင်မှုများ | ၂၄ |
| ဇယား (၁၄) | လျှပ်စစ်မီးရရှိမှု | ၂၄ |
| ဇယား (၁၅) | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ | ၂၅ |
| ဇယား (၁၆) | ကျောင်းတက်နှုန်း | ၂၅ |
| ဇယား (၁၇) | စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ | ၂၆ |
| ဇယား (၁၈) | အဖြစ်များသော ရောဂါများ | ၂၇ |
| ဇယား (၁၉) | လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု | ၂၇ |
| ဇယား (၂၀) | ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ) | ၂၈ |
| ဇယား (၂၁) | သောက်သုံးရေရရှိမှု | ၂၉ |
| ဇယား (၂၂) | သန့်ရှင်းရေးအခြေအနေ(အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်) | ၂၉ |
| ဇယား (၂၃) | ဘေးအန္တရာယ်ထိခိုက်မှုအခြေအနေများ | ၃၀ |
| ဇယား (၂၄) | သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ | ၃၁ |
| ဇယား (၂၅) | ကျား/မ ရေးရာ | ၃၁ |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ | ၃၂ |

**စကားချီ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်တော်တို့ ညောင်ပင်သာကျေးရွာသူ/သားများ ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပထမဆုံး စတင်ရေးဆွဲသောအစီအစဉ် ဖြစ်ပါသည်။စီမံကိန်း ဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးသော တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲခြင်း ၊ စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးပါသော စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန် ရှိသူများအားလုံး ကျေးဇူးတင်ရှိပါသည်။


ကျွန်တော်တို့ ကျေးရွာတွင် ယခင်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် ရပ်မိရပ်ဖများနှင့်သာ ရေးဆွဲ တိုင်ပင်ကြခြင်း ဖြစ်ပါသည်။ယခုကဲ့သို့ အတန်းအစားပေါင်းစုံ စနစ် တကျပူးပေါင်းဆောင်ရွက်သည့် စနစ်ကျသည့် စီမံကိန်းမျိုး မရေးဆွဲခဲ့ပါ။ယခုအခါ ထိုသို့ ကျေးရွာလူထုတစ်ရပ်လုံး ပူးပေါင်း ပါဝင်ဆောင်ရွက်မှသာ အောင်မြင်စနစ်ကျသည့် စီမံကိန်းအဖြစ် ဆောင်ရွက်နိုင်သည်ကို သိရှိခဲ့ရပါသည်။နောင်တွင် မည်သည့်ကိစ္စရပ် တိုင်ပင်ဆွေးနွေးမှုများတွင် မဆိုလူထုပူးပေါင်းပါဝင်နိုင်ရေး အလေးထား ဆောင်ရွက်ရပါမည်။ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲသည့်အခါ ကျေးရွာသူ/သားများ၏ နေထိုင်မှု ၊ ပိုင်ဆိုင်မှု ၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍ အစုံသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်နေကြောင်း သိရှိရပြီး ကဏ္ဍအစုံမှ ထွက်ရှိ လာသော အချက်အလက်များကို ကြည့်ရှုခြင်းအားဖြင့် လိုအပ်ချက်များကို ဖော်ထုတ်သိရှိနိုင်မည် ဖြစ်ပါသည်။ထိုသို့ မှန်ကန်သော လိုအပ်ချက်များအား သိရှိနိုင်မှသာ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည့်သင့်လျော်သော အဖွဲ့အစည်းများ ဦးစီးဌာနများထံ တင်ပြတောင်းခံနိုင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း စီမံကိန်းသည် စာရင်းဇယားများ ၊ ကျေးရွာလူထု၏ လူနေမှုအခြေအနေ ပိုင်ဆိုင်မှုများကို ကောက်ယူပြီးမှ လိုအပ်ချက်ပေါ် မူတည်၍ ကျေးရွာလူထု၏ ဆန္ဒဖြင့် အမှန်တကယ်လိုအပ်သော စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သဖြင့် အလွန်ကောင်းမွန်ပြီး အကျိုးရှိသော စီမံကိန်း ဖြစ်ပါသည်။

ယခုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အကူအညီဖြင့် ကျေးရွာလူထုကိုယ်တိုင် ပါဝင်ရေးဆွဲသော ညောင်ပင်သာကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းစာအုပ်အား စီမံကိန်းကာလအတွင်းသာ အသုံးပြုခြင်းမဟုတ်ဘဲ ပြောင်းလဲမှုရှိလာသည်နှင့်အမျှ ပြုပြင် ဖြည့်စွက် ၍ အစဉ်အမြဲ သုံးစွဲသွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ညောင်ပင်သာကျေးရွာ
တောင်တွင်းကြီးမြို့နယ်

## တောင်တွင်းကြီးမြို့နယ် ၊ ဆူးကောက်ကြီးကျေးရွာအုပ်စု ၊ ညောင်ပင်သာကျေးရွာ  အရင်းအမြစ်ပြမြေပုံ



ရည်ညွှန်း- တောင်တွင်းကြီးမြို့နယ်၊ ဆူးကောက်ကြီးကျေးရွာအုပ်စု ၊ ညောင်ပင်သာကျေးရွာတွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/သား များ ကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူသည်။

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်**

(၁) **နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

(က) **ရည်ရွယ်ချက်**

ညောင်ပင်သာကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်သည် အစိုးရဌာနများ ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီ ဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် ရေးဆွဲရေး အတွေ့အကြုံ မရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း ၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေး ထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ၊ ဌာနဆိုင်ရာများ စသည်တို့မှ လိုအပ် သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန် နှင့် ကျွန်တော်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်း သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့ နေရသော ပြဿနာများဖြစ်ရသည့် အခြေခံအချက်များ ၊ ဖွံ့ဖြိုးရေးကို အထောက် အပံ့ဖြစ်စေသော အချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ ၊ (၅) နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်တော်တို့အနေဖြင့် ဆောင်ရွက် မည့် နည်းဗျူဟာများ ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်း ဖော်ပြထားပါသည်။

ကျွန်တော်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ ၊ ပုဂ္ဂလိက ကဏ္ဍ ၊ ဘဏ်များ ၊ သတင်းနှင့်ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန် မျှော်လင့်ပါသည်။

( ခ ) **နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်တော်တို့၏ အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်း ဆောင်ရွက်ပေးရန် ဤဖွံ့ဖြိုးရေးစီမံချက်များကို မြို့နယ်အဆင့် ၊ ခရိုင်အဆင့် ၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြသွားမည်ဖြစ်ပါသည်။ပုဂ္ဂလိက အဖွဲ့ အစည်းများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေး ဆိုင်ရာ လိုလားချက်များ ၊ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်ဖွံ့ဖြိုးလာစေရန် ဗျူဟာ မြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမို သိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာ နိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ နိုင်ငံတကာ ချေးငွေအဖွဲ့အစည်းများ ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့ အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါသည်။

## (ဂ) **စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်တော်တို့ကိုယ်တိုင် တက်နိုင်သော ငွေကြေး ၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိလာနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများကို ချမှတ်ခဲ့ကြပါသည်။ယခုအခါ ယင်းကဲ့သို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိပြီးဖြစ်ပါသည်။ဤသို့ ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း ၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

## ၁။ တည်နေရာနှင့်ပထဝီအနေအထား

ညောင်ပင်သာကျေးရွာသည် မကွေးတိုင်းဒေသကြီး ၊ မကွေးခရိုင် ၊ တောင်တွင်းကြီးမြို့နယ်၏တောင်ဘက်တွင် တည်ရှိပါသည်။ တောင်တွင်းကြီး - ပြည် - ရန်ကုန်လမ်းနှင့် (၄)မိုင်(၃)ဖာလုံခန့်ကွာဝေးပါသည်။၎င်းကျေးရွာသည် ပထဝီအနေအထားအရ မြေပြန့်ဒေသဖြစ်ပြီး မြောက်လတ္တီ ကျူ ၁၉ ဒီဂရီ ၅၄ မိနစ် နှင့် အရှေ့လောင်ဂျီကျူ ၉၄ ဒီဂရီ ၃၀ မိနစ် အကြားတွင် တည်ရှိပါသည်။ အမြင့်ဆုံးအပူချိန်မှာ ဧပြီလအတွင်း ၄၄.၅ ဒီဂရီ စင်တီဂရိတ်ရှိပြီး အနိမ့်ဆုံး အပူချိန်မှာ ဇန်နဝါရီ လတွင် ၁၁.၅ စင်တီဂရိတ်ဖြစ်ပြီး ပင်လယ်ရေ မျက်နှာပြင် အထက် အမြင့်ပေ (၄၃၅)ပေရှိပြီး မိုးအများဆုံး ရွာသွန်းသောလမှာ ဇူလိုင်နှင့်သြဂုတ်လ တို့ဖြစ်ပါသည်။မိုးတွင်းကာလတွင် မြေအနိမ့်ပိုင်းဖြစ်သောကြောင့် လယ်ကွက်များမှတဆင့် ကျေးရွာချင်းဆက် လမ်းများပေါ်သို့ ရေလွှမ်းမိုးခြင်းကြောင့် လမ်းအခက်အခဲ ကြုံတွေ့ရပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန် လက်မ (၄၀) ခန့်ရွာသွန်းပြီး သဘာဝပေါက်ပင်များမှာ မန်းကျည်းပင် ၊ တမာပင် ၊ ကုက္ကိုပင် ၊ ထန်းပင် ၊ ရှားပင် ၊ ဇီးပင်များ ပေါက်လေ့ရှိပါသည်။မိုးစပါး သီးနှံ စိုက်ပျိုးနိုင်သော လယ်ဧက (၆၉၁) ဧကခန့်ရှိပြီး သီးထပ်သီးနှံအဖြစ် မတ်ပဲ ၊ ပဲတီစိမ်း နှင့် ဝါ တို့ကို စိုက်ပျိုးနိုင်ပါသည်။

## ၃။ ကျေးရွာရှိကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် ဘုန်းကြီးကျောင်းဂေါပကအဖွဲ့ ၊ ဝတ်ရွတ်သင်းအဖွဲ့ ၊ လမ်းကော်မတီအဖွဲ့ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ သာရေး ၊ နာရေး ၊ လူမှုကိစ္စကြီးငယ်များ ပေါ်ပေါက်လာလျှင် အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်၍ ကျေးရွာသူ/သားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများ ရှိပါသည်။

### (ခ) စီးပွားရေးနှင့် အသက်မွေးအခြေအနေ

ကျေးရွာ၏ အဓိက ဝင်ငွေရလုပ်ငန်းမှာ စပါးဖြစ်၍ မတ်ပဲ ၊ ပဲတီစိမ်းနှင့် ပဲစဉ်းငုံတို့ကို သီးထပ်အဖြစ်စိုက်ပျိုးကြပါသည်။ စိုက်ပျိုးမြေမှာ (၆၉၁) ဧက ဖြစ်ပြီး (၁)ဧက အထွက်နှုန်းမှာ (၃၀)တင်းမှ (၆၀)တင်းထွက်ရှိပါသည်။မတ်ပဲ (၁)ဧကလျှင် (၆)တင်းမှ အများဆုံး (၁၀)တင်း ထွက်ရှိပါသည်။

ကျေးရွာအတွင်း တောင်သူများနှင့် ကျပန်းလုပ်ကိုင်ကြသူများ ရှိသော်လည်း ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ အတတ်ပညာနှင့် ကျွမ်းကျင်မှုအားနည်းသောကြောင့် အသက်မွေးဝမ်းကျောင်းမှုအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။ သက်ဆိုင်ရာဌာနမှ အသက်မွေးဝမ်းကျောင်းသင်တန်း ဖွင့်ပေးမည်ဆိုပါက ကျေးရွာ၏ စီးပွားရေးအခြေအနေကောင်းမွန်မည် ဖြစ်ပါ သည်။

### (ဂ) အခြေခံအဆောက်အဦ နှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင် ကျေးရွာသူ/သားများ အားလုံးသည် သန့်ရှင်းသော သောက်သုံးရေ သုံးစွဲရန် အဝီစိတွင်းများတူးဖော်၍အသုံးပြုကြပါသည်။ ကျန်းမာရေးဝန်ဆောင်မှုအတွက် ဆေးခန်းမရှိပါ။ ကိုယ်ဝန်ဆောင်နှင့် မွေးကိုက်လူနာများမှဦ ရွာနှင့် (၁၂)မိုင်ဝေးသော တောင်တွင်းဆေးရုံသို့ သွားရောက်ကြပါသည်။ ကျေးရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်သောကြောင့် မိုးများသည့် နှစ်တွင် ရွှံ့များထူထပ်၍ သွားလာရန် ခက်ခဲပါသည်။ ကျောက်ချောလမ်းအဖြစ် အဆင့် မြှင့်တင်လျှင် ကျေးရွာသူ/သားများ သွားလာရန် လွယ်ကူပြီး ပို၍ အကျိုးဖြစ်ထွန်းမည် ဖြစ်ပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှု**

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ လယ်တစ်ဧကလျှင် ကျပ် (၁၅၀၀၀၀) နှုန်း ထုတ်ချေးပါသည်။အခြားအသေးစားချေးငွေ ဝန်ဆောင်မှုများဖြစ်သော ပက်စ်မြန်မာ အဖွဲ့ များ ထံမှ ချေးယူ သုံးစွဲရပါသည်။

( င ) **ပညာရေး**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းမှာ ကောင်းမွန်မှုရှိပါသည်။ ကျေးရွာသူ/သားအများစုမှာ အထက်တန်းအဆင့်ပြီးမြောက်ပြီး ဘွဲ့ရသူ အများအပြားရှိပါသည်။

( စ ) **ကျန်းမာရေး**

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှုမရှိသလောက်နည်းပါးပါသည်။ကလေးသူငယ်များအတွက်ကာကွယ်ဆေး တိုက်ကျွေးသည့် အစီအစဉ်များကို ကျန်းမာရေးဌာနမှ နှစ်စဉ် ဆောင်ရွက် ပေးပါသည်။

(ဆ) **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာမှ လယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း ၊ သီးထပ်သီးနှံ စိုက်ပျိုးခြင်း တို့အတွက် ဓာတုဗေဒ ကွန်ပေါင်းဓာတ်မြေသြဇာများ အသုံးပြုခြင်း ၊ သဘာဝသစ်ဆွေး မြေသြဇာ များ နှစ်စဉ် မထည့်သွင်းနိုင်ခြင်းကြောင့် မြေဆီလွှာ ပျက်ယွင်းမှုများနှင့် ကြုံတွေ့ နေရပါသည်။ ချောင်းမြောင်းများ တိမ်ကောလာသောကြောင့် မိုးရာသီတွင် မိုးရက်ဆက် ရွာသွန်းမှုများကြောင့် စပါးခင်းများ ၊ နှမ်းခင်းများ ရေနှစ်မြုပ်ခြင်းတို့ကြောင့် သီးနှံထွက်နှုန်း လျော့နည်းခြင်း ကြုံတွေ့ရ ပါသည်။

( ဇ ) **ကျား / မ ရေးရာ**

ဆူးကောက်ကြီးအုပ်စု ၊ ညောင်ပင်သာကျေးရွာရှိ အမျိုးသား ၊ အမျိုးသမီးများသည် ကျေးရွာ ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြပါသည်။

၄။ **တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာန**
**ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးစီမံချက်လုပ်ငန်းများ**

| စဉ် | ကျေးရွာ အုပ်စု | ကျေးရွာ အမည် | စီမံချက်အမည် | ဦးစားပေး အဆင့်ဝင် | မှတ် ချက် |
|---|---|---|---|---|---|
| ၁ | ဆူး ကောက် ကြီး | ညောင် ပင် သာ | ရွာတွင်း လမ်းခင်းခြင်း | ၁ | |
| ၂ | | | စာသင်ကျောင်းလမ်းတံတား ဆောက်လုပ် ခြင်း | ၂ | |
| ၃ | | | ကျောင်းခြံစည်းရိုး ပြုလုပ်ခြင်း | ၃ | |
| ၄ | | | အတိုးနှုန်းသက်သာသည့် ချေးငွေရရှိခြင်း | ၄ | |
| ၅ | | | ကျန်းမာရေး ဆေးပေးခန်းဆောက်လုပ်ခြင်း | ၅ | |
| ၆ | | | စာသင်ကျောင်း အိမ်သာအသစ်တည်ဆောက် ခြင်း | ၆ | |
| ၇ | | | ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း | ၇ | |
| ၈ | | | စာကြည့်တိုက် ဆောက်လုပ်ခြင်း | ၈ | |
| ၉ | | | ရေကန် တူးဖော်ခြင်း | ၉ | |
| ၁၀ | | | ရေနုတ်မြောင်း တူးဖော်ခြင်း | ၁၀ | |
| ၁၁ | | | လယ်ရေရရှိရန် မြောင်းများ ပြန်လည် တူးဖော်ခြင်း | ၁၁ | |
| ၁၂ | | | အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း | ၁၂ | |

၅။ **တောင်တွင်းကြီးမြို့နယ်၊ ညောင်ပင်သာကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ**

| စဉ် | လုပ်ငန်းအမည် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်း လမ်းခင်းခြင်း | ၁ | √ | | | | |
| ၂ | စာသင်ကျောင်းလမ်းတံတား ဆောက်လုပ်ခြင်း | ၂ | √ | | | | |
| ၃ | ကျောင်းခြံစည်းရိုး ပြုလုပ်ခြင်း | ၃ | | | √ | | |
| ၄ | အတိုးနှုန်းသက်သာသည့် ချေးငွေရရှိခြင်း | ၄ | | √ | | | |
| ၅ | ကျန်းမာရေး ဆေးပေးခန်းဆောက်လုပ်ခြင်း | ၅ | | | √ | | |
| ၆ | စာသင်ကျောင်း အိမ်သာအသစ်တည်ဆောက်ခြင်း | ၆ | | | | √ | |
| ၇ | ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း | ၇ | | | √ | | |
| ၈ | စာကြည့်တိုက် ဆောက်လုပ်ခြင်း | ၈ | | √ | | | |
| ၉ | ရေကန် တူးဖော်ခြင်း | ၉ | | | √ | | |
| ၁၀ | ရေနုတ်မြောင်း တူးဖော်ခြင်း | ၁၀ | | | √ | | |
| ၁၁ | လယ်ရေရရှိရန် မြောင်းများ ပြန်လည်တူးဖော်ခြင်း | ၁၁ | | √ | | | |
| ၁၂ | အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း | ၁၂ | | √ | | | |

၆။ **ကျေးရွာဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား (၁) ညောင်ပင်သာကျေးရွာ၏ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** |
|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၁ | ၁ | ၂ |
| ၁ နှစ်မှ ၄ နှစ်အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၀ | ၁၂ | ၃၂ |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၄၂ | ၂၂ | ၆၄ |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၄ | ၄၁ | ၈၅ |
| ၁၅ နှစ်မှ ၆၄ နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၄၈ | ၃၆၈ | ၇၁၆ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၈၀ | ၆၇ | ၁၄၇ |
| **စုစုပေါင်း** | | **၅၃၅** | **၅၁၁** | **၁၀၄၀** |
| **စုစုပေါင်းအိမ်ထောင်စု** | | **၂၂၇** | | |

ရင်းမြစ်-(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ညောင်ပင်သာကျေးရွာရှိ လူဦးရေအများစုမှာ အလုပ်လုပ်နိုင်သူများ ဖြစ်ပြီး အသက် (၆၅) နှစ်အထက်မှာ ၄၅% ရှိပြီး ကျန်းမာရေးကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

## (၂) သဘာဝရင်းမြစ်နှင့်ဝဝ်ရာသီဉတုအခြေအနေ

### (၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့်ဝ်ဝ် ရေအရင်းအမြစ်အခြေအနေ

ဇယား (၂) ညောင်ပင်သာ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း၊သင့်ဝ်၊ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သောရေ အရင်းအမြစ် (မြေအောက်ရေ၊ ချောင်း၊မြစ်၊စိမ့်ဝ် စမ်း စသည့်ဝ်) |
|---|---|---|---|---|
| လယ်မြေ | ၆၉၁ | သင့်ဝ် | အနည်းအကျဉ်း | ချောင်းရေ |
| ယာမြေ/တောင်ယာမြေ | - | - | - | - |
| ဉယျာဉ်ခြံမြေ | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| ဓနိတောမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| သစ်တောမြေ | - | - | - | - |
| **စုစုပေါင်း** | **၆၉၁** | | - | - |

ရင်းမြစ် - ဉီးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိ/ရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ ယာမြေဧကမှာ (၆၉၁) ဧကခန့်ဝ်ရှိပြီး စိုက်ပျိုးရေမှာ ချောင်းရေ ကိုသာ အားကိုး၍ မိုးရေချိန်လက်မ ပြည့်ဝ်စုံ၍ မိုးစပါးစိုက်ပျိုး၍ အောင်မြင်ကြောင်း တွေ့ရှိရ ပါသည်။

### (၂.၂) ဓာတ်သတ္တုနှင့်ဝ်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၃) ညောင်ပင်သာကျေးရွာ၏ ဓာတ်သတ္တုနှင့်ဝ် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ၊သင့်ဝ်၊နည်း၊မရှိ) | အသုံးပြုနိုင်မှု (လွယ် ၊ ခက် ၊ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန်(ဓာတ်ငွေ့၊ရေနံ) | မရှိ | လက်လှမ်းမမှီ |
| ဓာတ်သတ္တု(ကျောက်မျက်၊သတ္တု) ကျောက်၊ကျောက်မီးသွေး၊သဲ)စသည့်ဝ် သဘာဝအရင်းအမြစ် | မရှိ | လွယ် |
| တိရစ္ဆာန်မျိုးစိပ်များ | သင့်ဝ် | လွယ် |
| အပင်မျိုးစိပ်များ (လူ၊တိရစ္ဆာန်တို့အတွက်အသုံးဝင်သော | သင့်ဝ် | လွယ် |
| ပျမ်းမျှအပူချိန် - ၁၀၉ F | ပျမ်းမျှမိုးရေချိန် - ၄၀" | |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိ/ရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ နယ်နိမိတ်အတွင်း ကျောက်နှင့်သဲ လွယ်စွာ ရရှိနိုင်ပါသည်။ လူနှင့်တိရစ္ဆာန်များအတွက် အသုံးဝင်သောအပင်များမှာ မန်းကျည်း ၊ တမာ ၊ ကုက္ကို ၊ သရက် ၊ ငှက်ပျော ၊ သြဇာ ၊ ပြောင်းနှင့်သီးနှံအပင်များ ပေါက်ကြောင်း တွေ့ရှိရပါသည်။

(၃) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**

ဇယား(၄) ညောင်ပင်သာ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| **စဉ်** | **အဖွဲ့အစည်း အမည်** | **အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)** | **လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခု နှင့်အထက် ရွေးနိုင်သည်)** | **အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်း မှုဆိုင်ရာ ရှင်းလင်း ဖော်ပြချက်** |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး အဖွဲ့ | ၁√ ၂□ ၃ □ | ပညာရေး √ ငွေကြေး √<br>ကျန်းမာရေး √ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး √<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး √ | - |
| ၂ | လမ်း ကော်မတီ အဖွဲ့ | ၁ ၂ √ ၃ □ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | - |
| ၃ | လူငယ် အဖွဲ့ | ၁□၂ √ ၃ □ | ပညာရေး √ ငွေကြေး □<br>ကျန်းမာရေး √ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ | - |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခု နှင့်အထက် ရွေးနိုင်သည်) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်း မှုဆိုင်ရာ ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|
| ၄ | အမျိုးသမီး အဖွဲ့ | ၁□ ၂ √ ၃ □ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး √ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ | - |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိ/ရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ညောင်ပင်သာကျေးရွာတွင် အလှူလုပ်ငန်းများနှင့်သာရေး ၊ နာရေး လုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်ပြီး ပရဟိတအဖွဲ့ ၊ အမျိုးသမီးရေးရာအဖွဲ့ ၊ လူငယ်အဖွဲ့များနှင့် ပူးပေါင်း၍ ဆောင်ရွက်ကြပါသည်။

## (၄) စီးပွားရေးနှင့်ဝပ်အသက်မွေးမှုအခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား(၅) ညောင်ပင်သာ ကျေးရွာ၏ ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ် ရှိသော အိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၀ ဧက အထက် | ၅ ဧက အထက် | ၅ ဧကအထက် | မြေယာမဲ့ |
| အိမ်အခြေအနေ | သွပ်မိုး၊ ပျဉ်ထောင် | သွပ်မိုး ၊ ထရံကာ | အိမ်သေး ၊ ထရံကာ | အိမ်သေး ၊ သက်ကယ်မိုး |
| ကုန်ထုတ်လုပ်မှု နှင့်ဆိုင်သော ပိုင်ဆိုင်မှု | နွမ်း၊ စပါး၊ မတ်ပဲ | နွမ်း၊ စပါး၊ မတ်ပဲ | နွမ်း၊ စပါး၊ မတ်ပဲ | လုပ်သား |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ | တောင်သူ | ကျပန်း |
| အိမ်ထောင်စု | ၇ | ၇၁ | ၁၀၁ | ၄၈ |

ရင်းမြစ်-(၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ညောင်ပင်သားကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုထက် ၊ အဆင် မပြေသော အိမ်ထောင်စုမှာ အသက်ကြီး၍ အလုပ်မလုပ်နိုင်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

**(၄.၂) သီးနှံထုတ်လုပ်မှု**

**(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား(၆) ညောင်ပင်သာကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု ရာခိုင်နှုန်း | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၄၈ | ၁၅ | မြေမဲ့ ယာမဲ့ |
| ၂ | ၂.၅ ဧကအောက်(၁ဟက်တာထိ) | ၃၆ | ၁၁ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ဧကအထိ(ဟက်တာထိ) | ၆၅ | ၂၀ | တောင်သူငယ် |
| ၄ | ၅ဧကမှ ၁၂.၅ဧကထိ (၅ ဟက်ထာထိ) | ၇၁ | ၂၂ | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် (၅ ဟက်တာနှင့်အထက်) | ၇ | ၂ | တောင်သူကြီး |
| | ကျေးရွာရှိ အိမ်ထောင်စု စုစုပေါင်း | ၂၂၇ | | |

ရင်းမြစ် - (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- လယ်သမားအုပ်စု ၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး

**လေ့လာတွေ့ရှိချက်။** ။ကျေးလက်နေ ပြည်သူများ ဖြစ်သောကြောင့် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိက ဆောင်ရွက်ပါသည်။ စိုက်ပျိုးရေရရှိရေး ၊ မြေဆီလွှာ ထိန်းသိမ်းရေးအတွက် ဗဟုသုတ လိုအပ်နေကြောင်း တွေ့ရှိရပါသည်။

**(၄-၂-၂) ညောင်ပင်သာကျေးရွာ၏ အဓိက သီးနှံများနှင့်ဝ၀် အထွက်နှုန်း**

ဇယား (၇) အဓိကသီးနှံများနှင့်ဝ၀် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်ဝ၀်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၆၉၁ | တင်း | ၃၀ | ၆၀ | ၅၀ | သင့်ဝ၀် |
| နှမ်း | ၅၀၀ | တင်း | ၆ | ၁၀ | ၈.၀ | သင့်ဝ၀် |
| မတ်ပဲ | ၄၀.၀ | တင်း | ၄ | ၉ | ၅ | သင့်ဝ၀် |

ရင်းမြစ်-ဦးတည်အုပ်စုဆွေးနွေးခြင်း၊ လယ်သမားအုပ်စု ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်၍ စိုက်ပျိုးရန် ရေအလုံအလောက်ရရှိရန် ဆည်ရေ မရရှိခြင်း ၊ သဘာဝမြောင်းရေကိုသာ သောက်သုံးရခြင်းဖြစ်ပါသည်။ မိုးကောင်းသောနှစ်များတွင် (၁)ဧကကို တင်း (၆၀) မှ (၇၀)တင်း ၊ မိုးခေါင်သောနှစ်များတွင် (၅)တင်း မှ (၁၀)တင်းအထိ ထွက်ရှိပြီး အခြားသီးနှံများ စိုက်ပျိုးကြောင်း တွေ့ရှိရပါသည်။

## (၄-၃) မွေးမြူရေးလုပ်ငန်း

ဇယား(၈) ညောင်ပင်သာကျေးရွာ၏ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသော ကောင်ရေအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၄၉ | ၅၇၉ |
| နို့စားနွား | - | - |
| ကျွဲ | - | - |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၈၈ | ၁၀၀ |
| ကြက် | ၁၄၈ | ၁၀၄၇ |
| ဘဲ | ၁ | ၁၀ |
| နွားနောက် | - | - |
| ငါးလုပ်ငန်း | - | - |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - |
| ရေချိုငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်-(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ညောင်ပင်သာကျေးရွာတွင် လယ်ယာမြေအတွက်သာ နွားများကို အသုံး ပြုပြီး ဝက် ၊ ကြက် ၊ ဘဲ တို့ကို တစ်ပိုင်တစ်ပိုင် မွေးမြူကြပါသည်။

## (၄.၄) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) ညောင်ပင်သာကျေးရွာ၏ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့်ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း/အလုပ်သမားအရေအတွက် | မိသားစုဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်) နှင့်ဝိုဒ်ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးရေး | - | - | - | - |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း | ၄ | ၁၀ | ၂ | လတ် |
| ၅ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | - | - | - | - |
| ၆ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှ၊ပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ) | ၁၀ | ၁၀ | - | လတ် |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၃ | ၃ | - | နိမ့် |
| ၈ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | - | - | - | - |
| ၉ | ပို့ဆောင်ရေး၊သိုလှောင်ရေး | - | - | - | - |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါ အဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | - | - | - | - |
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့်ဆက်စပ်သောလုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | ၁ | ၅ | - | - |
| ၁၃ | ကျန်းမာရေး | - | - | - | - |
| ၁၄ | လူမှုရေးလုပ်ငန်းများ | - | - | - | - |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများအပ) | - | - | - | - |
| | **စုစုပေါင်းအသက်မွေးဝမ်းလုပ်ငန်းလုပ်ကိုင်သူဦးရေ** | **၁၈** | **၂၈** | **၂** | |

ရင်းမြစ်- ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု ၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု ၊ လူငယ်အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများအရေအတွက် နည်းပါးပါသည်။အချို့အိမ်ထောင်စုများမှာ အဓိက ဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်ကြပြီး အချို့မှာ တွဲဖက် လုပ်ကိုင်ကြပါသည်။အသက်မွေးဝမ်း ကျောင်း နည်းပညာများနှင့် ရွာသားအများစုမှာ အလှမ်းဝေးကြောင်း တွေ့ရှိရပါသည်။

## (၅) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

### (၅.၁) ဈေး

ဇယား(၁၀) ညောင်ပင်သာ ကုန်စည်နှင့်ဝန်ဆောင်မှု ၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး (အနီးဆုံးတစ်ခုကိုသာဖော်ပြရန်)** | **အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)** |
|---|---|---|
| ဈေးအမည်(မြို့/ရွာ) | ဆတ်သွား | တောင်တွင်းကြီး |
| ရွာမှအကွာအဝေး(မိုင်) (အနီးစပ်ဆုံးတစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် □ ၁ မှ ၅ မိုင် √<br>၅ မှ ၁၀ မိုင် □၁၀ မှ ၁၅ မိုင် □<br>၁၅ မိုင် အထက် □ | ၀ မှ ၁၀ မိုင် √ ၁၁ မှ ၂၀ မိုင် √<br>၂၁ မှ ၃၀ မိုင် □၃၀ မှ ၅၀ မိုင် □<br>၅၁ မှ ၁၀၀ □၁၀၀ မိုင်အထက် □ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင် □စက်ဘီး □ဆိုင်ကယ်√<br>ကား/ထော်လာဂျီ √ ရထား □<br>သုံးဘီးဆိုင်ကယ် √ လှေ □<br>စက်လှေ □ | ခြေလျင် □စက်ဘီး □ဆိုင်ကယ်√<br>ကား/ထော်လာဂျီ √ ရထား □<br>သုံးဘီးဆိုင်ကယ်√ လှေ □<br>စက်လှေ □ |

ရင်းမြစ်- ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊လယ်သမားအုပ်စု၊အမျိုးသမီးအုပ်စု၊ စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ညောင်ပင်သာကျေးရွာမှ ထွက်ကုန်ရောင်းချခြင်းနှင့် အိမ်သုံးပစ္စည်းများ ဝယ်ယူရန် ဆတ်သွားသို့သွားရောက် ရောင်းချရာတွင် ညောင်ပင်သာကျေးရွာမှ ဆတ်သွားသို့ (၄)မိုင်ခန့် ကွာဝေးပါသည်။မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု ရှိပါသည်။ထွက်ကုန် ရောင်းချခြင်း နှင့် အိမ်သုံးပစ္စည်းများ ဝယ်ယူရန် ဆတ်သွားသို့ သွားရောက် ရောင်းချရာတွင် ညောင်ပင်သာ ကျေးရွာမှဆတ်သွားသို့(၄)မိုင်ခန့် ကွာဝေးပါသည်။မိုးရာသီတွင်လမ်းပန်း ဆက်သွယ် ရေး ခက်ခဲမှုရှိပါသည်။

**(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ**

ဇယား(၁၁) ညောင်ပင်သာကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်းအမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည်(မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ √ ၂ □ ၃ □ ၄ □ ၅ □ | ကောင်း □ သင့် □ ညံ့ √ | ပွင့်လင်းရာသ □ တစ်နှစ်ပတ်လုံး √ | ၀-၁မိုင် √ ၁-၅မိုင် □ ၅-၁၀ မိုင် □ ၁၀ မိုင်အထက် □ |
| ချဉ်းကပ်လမ်း | ၁ √ ၂ □ ၃ □ ၄ □ ၅ □ | ကောင်း □ သင့် □ ညံ့ √ | ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး √ | ၀-၁မိုင် □ ၁-၅မိုင် √ ၅-၁၀ မိုင် □ ၁၀ မိုင်အထက် □ |
| ရွာချင်းဆက်လမ်း | ၁ √ ၂ □ ၃ □ ၄ □ ၅ □ | ကောင်း □ □ သင့် ညံ့ √ | ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး √ | ၀-၁မိုင် □ ၁-၅မိုင် √ ၅-၁၀ မိုင် □ ၁၀ မိုင်အထက် □ |

ရင်းမြစ်- ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ **ညောင်ပင်သာကျေး**ရွာ၏အဓိက အသုံးပြုသောလမ်းမှာ မြေသားလမ်းဖြစ် ပြီး တောင်တွင်း- ပြည်လမ်း နှင့် (၃)မိုင်ခန့် ကွာဝေးပါသည်။ ကိုယ်ထူကိုယ်ထဖောက်လုပ်ထားပြီး (၄)ဖာလုံခန့်မှာ မြေနီခင်းထားပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။

**(၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး**

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး(အသုံးမပြုပါက အကွာအဝေး(မိုင်)အကွက်အောက်ရှိ အသုံးမပြုပါ အကွက်တွင် √ ပါ )။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး(မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက်သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀ မိုင်အထက် □ အသုံးမပြုပါ □ | ၁□ ၂ □ ၃ □ | ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး □ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀ မိုင်အထက် □ အသုံးမပြုပါ □ | ၁□ ၂ □ ၃ □ | ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး □ |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ညောင်ပင်သာ ကျေးရွာတွင် ရေကြောင်းလမ်း အသုံးပြုခြင်း မရှိပါကြောင်း တွေ့ရှိရပါသည်။

### (၅-၄) ညောင်ပင်သာသယ်ယူပို့ဆောင်ရေးယာဉ်များနှင့်ဝန်ဆောင်မှုများ

ဇယား(၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | - | - | - | ၈၅ | ၄ | - | ၁ | - | ၁၀၀ |

ရင်းမြစ်- ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်ပါသဖြင့် သယ်ယူပို့ဆောင်ရေးအတွက် နွားလှည်းနှင့် သုံးဘီးဆိုင်ကယ်ကို အသုံးပြုကြသည်။မိုးရာသီတွင် လမ်းများ ပျက်စီး၍ သွားလာရေး ခက်ခဲကြောင်း တွေ့ရှိရပါသည်။

### (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား(၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | - |
| ဆိုလာစနစ် | ၂၂၇ |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | - |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော | - |
| လျှပ်စစ်ဓာတ်အားပေးစနစ် | - |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | - |

ရင်းမြစ် - (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးပါ ။ ယခုအခါတွင် ဆိုလာမီးစနစ်ဖြင့်သော အိမ်ထောင်စု (၁၀၀%)အားလုံး အသုံးပြုကြောင်း တွေ့ရှိရပါသည်။

**(၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ**

ဇယား (၁၅) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၂၈၈ | ၇၄ | ၆၂ |

ရင်းမြစ် - အိမ်ထောင်စုစာရင်း ကောက်ယူမှု

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များ ရယူရန် တယ်လီဖုန်း၊ ရေဒီယို ၊ တီဗွီများသာ အသုံးပြုလျက်ရှိပါသည်။

**(၆) ပညာရေး**

**(၆-၁) ကျောင်းတက်နှုန်း**

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၅၇ | ၃၄ | ၉၁ |
| အလယ်တန်း | ၁၉ | ၂၂ | ၄၁ |
| အထက်တန်း | ၁၄ | ၃၁ | ၄၅ |
| တက္ကသိုလ်ကောလိပ် | ၇ | ၈ | ၁၅ |

ရင်းမြစ် - (၁)ကျောင်းဝင်စာရင်း ၊ (၂) ဆယ်အိမ်မှူးများ

**လေ့လာတွေ့ရှိချက် ။** ။ကျေးရွာရှိ ကျောင်းနေအရွယ်ကလေးများသည် မိမိကျေးရွာရှိ ကျောင်းတွင် ပညာသင်ကြားလျက် ရှိပါသည်။ကျေးရွာရှိ အလယ်တန်းကျောင်း အဆောက်အဦများမှာ ကိုယ်ထူကိုယ်ထဖြင့် ဆောက်လုပ်ထားကြောင်း တွေ့ရှိရပါသည်။

## (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| က။ ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း √<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း √<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) √<br>အထက်တန်း ☐ |
| ခ။ ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် √<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင်မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင်မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင်မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် √<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |
| ဃ။ စာသင်ကျောင်း၏စုစုပေါင်း<br>ကြမ်းခင်းဧရိယ(စတုရန်းပေ) | အလျား×အနံ×အမြင့်<br>( ၉၀×၃၀ × ၁၂) ပေ | - | - |
| င။ အမိုး ၊ နံရံ ၊အခင်း<br>အရည်အသွေး | ကောင်း ☐သင့် √ ညံ့☐ | ကောင်း ☐သင့် √ညံ့☐ | ကောင်း ☐သင့်☐ ညံ့☐ |
| စ။ ကျောင်းသုံး ပရိဘောဂ<br>လုံလောက်မှု | လုံလောက်မှုရှိပါသည် ☐<br>မလုံလောက်ပါ √ | လုံလောက်မှုရှိပါသည် ☐<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိပါသည် ☐<br>မလုံလောက်ပါ ☐ |
| ဆ။ ကျောင်းအိမ်သာအခြေအနေ | ကောင်း ☐သင့် √<br>ညံ့ ☐ မရှိ ☐ | ကောင်း ☐သင့်<br>ညံ့ မရှိ ☐ | ကောင်း ☐သင့်☐<br>ညံ့ ☐ မရှိ ☐ |
| ဇ။ ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိပါသည် √<br>တိုက်ကျွေးမှု မရှိပါ ☐ | တိုက်ကျွေးမှုရှိပါသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐ | တိုက်ကျွေးမှုရှိပါသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐ |
| ဈ။ ကျောင်းဆရာ/မ ဦးရေ | ကျား - မ - ပေါင်း | ကျား - မ -ပေါင်း | ကျား - မ -ပေါင်း |
| အစိုးရခန့် | ၂ - ၉ - ၁၁ | - | - |
| ကျေးရွာခန့် | - | - | - |

ရင်းမြစ် - (၁)ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု ၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ စာသင်ကျောင်းတွင် အလျား(၉၀)ပေ ၊ အနံ (၃၀) ပေ ၊ အမြင့် (၁၂) ပေရှိ ကျောင်းဆောင်(၁) ဆောင် နှင့် အလျား (၆၀)ပေ ၊ အနံ (၃၀)ပေ ၊ အမြင့် (၁၂) ပေ တစ်ဆောင် ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားခြင်း ဖြစ်ပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ ဖြစ်ပွားမှု |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျော | မြင့် □ နိမ့် √ မရှိ □ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့် □ နိမ့် √ မရှိ □ |
| ၃ | ငှက်ဖျား | မြင့် □ နိမ့် √ မရှိ □ |
| ၄ | အသက်ရှုလမ်းကြောင်းကူးစက်ရောဂါ | မြင့် □ နိမ့် □ မရှိ √ |
| ၅ | HIV,AIDS , လိင်မှတဆင့်ကူးစက်နိုင်သောရောဂါများ | မြင့် □ နိမ့် □ မရှိ √ |
| ၆ | တီဘီ | မြင့် □ နိမ့် √ မရှိ □ |
| ၇ | ဆီးချို | မြင့် □ နိမ့် √ မရှိ □ |
| ၈ | သွေးတိုး | မြင့် □ နိမ့် √ မရှိ □ |
| ၉ | အသည်းရောဂါ(ဘီ၊စီ) | မြင့် □ နိမ့် □ မရှိ √ |
| ၁၀ | အာဟာရချို့တဲ့မှု | မြင့် □ နိမ့် □ မရှိ √ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့် □ နိမ့် □ မရှိ √ |

ရင်းမြစ်- (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု (၂)ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မိုးရာသီ၌ ဝမ်းပျက်ဝမ်းလျောရောဂါနှင့် သွေးလွန်တုတ်ကွေးရောဂါများ အနည်းငယ်ဖြစ်တတ်ကြောင်း တွေ့ရှိရပါသည်။

### (၇-၂) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း(ရှိ၊မရှိ အမှန်ခြစ်ရန် | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | √ |
| ၂ | ဆုံဆို့ ၊ကြက်ညှာ ၊ မေးခိုင်နှင့် အသည်းရောဂါ | √ | |
| ၃ | ပိုလီယိုရောဂါ | √ | |
| ၄ | မေးခိုင်(ကိုယ်ဝန်ဆောင်ကာလအတွင်း) | √ | |
| ၅ | ဝက်သက်ရောဂါ | √ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | √ | |
| ၇ | အာဟာရမှတ်တမ်းယူမှု (အရပ်အမြင့်၊အလေးချိန်၊ လက်မောင်းပတ်) | √ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | √ | |

ရင်းမြစ် - (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊(၂) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်း မရှိပါသဖြင့် ရွာနှင့် ရွာ (၃)မိုင်ခန့် ကွာဝေးသော ဖျောက်ဆိတ်ကုန်းကျေးရွာရှိ ကျန်းမာရေး ဆရာမမှ ကိုယ်ဝန်ဆောင် မိခင်များနှင့် ကလေးသူငယ်များအား လစဉ်ကာကွယ်ဆေးတိုက်ကျွေး ၊ ထိုးနှံမှုများ ပြုလုပ်ပေးကြောင်း တွေ့ရှိရ ပါသည်။

**(၇-၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ /ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့များနှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေးဝန်ဆောင်မှု | ခရီးအကွာအဝေး | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး<br>ဌာန / ဌာန ခွဲ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် √<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင် အထက် ☐ | ရှိ ☐<br>မရှိ √ |
| တိုက်နယ်ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် √<br>၁၀ မိုင် အထက် ☐ | ရှိ ☐<br>မရှိ √ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင် အထက် √ | ရှိ √<br>မရှိ ☐ |

ရင်းမြစ် - (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိ ရပ်ဖ အုပ်စု ၊ အမျိုးသမီးအုပ်စု ၊(၂) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကာကွယ်ဆေးထိုးနှံ တိုက်ကျွေး ခြင်းမှအပ အခြားကျန်းမာရေး အထောက်အပံ့များ ကူညီ ပံ့ပိုးခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

## (၇-၄) ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇-၄-၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုနိုင်သော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (နွေ ၊ မိုး ၊ ဆောင်း ) |
|---|---|---|---|
| ရေတွင်း | - | ကောင်း □သင့်□ ညံ့ □ | - |
| အဝီစိတွင်း / စက်တပ် | - | ကောင်း □သင့်□ ညံ့ □ | - |
| အဝီစိတွင်း / တုံကင် | ၂၂၇ | ကောင်း □သင့် √ ညံ့ □ | (နွေ ၊ မိုး ၊ ဆောင်း ) |
| မိုးရေ သိုလှောင်ကန် | - | ကောင်း □သင့်□ ညံ့ □ | - |
| မြစ်/ချောင်းရေ | - | ကောင်း □သင့်□ ညံ့ □ | - |
| ရေကန် | - | ကောင်း □သင့်□ ညံ့ □ | - |
| စိမ့်စမ်းရေ | - | ကောင်း □သင့်□ ညံ့ □ | - |

ရင်းမြစ် - (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိ ရပ်ဖ အုပ်စု ၊ အမျိုးသမီးအုပ်စု ၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ထောင်စု (၁၀၀)ရာခိုင်နှုန်းမှာ မြေအောက်ရေ အဝီစိတုံကင်တွင်းရေကို အသုံးပြုကြပြီးရေတွင်းများမှ ရေချိုရရှိပါသဖြင့် သောက်သုံးရေအတွက် ကောင်းမွန် ကြောင်း တွေ့ရှိရပါသည်။

### (၇-၄-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု | - |
| ရေဆွဲအိမ်သာ | - |
| ရေလောင်း/ ယင်လုံအိမ်သာ | ၂၂၇ |
| မသန့်ရှင်းသောယင်လုံအိမ်သာ သုံးစွဲမှု | - |
| တွင်း / ဇလားအိမ်သာ | - |
| တွင်းမရှိအိမ်သာ | - |
| အိမ်သာမရှိ | - |
| | |

ရင်းမြစ် - (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိ ရပ်ဖ အုပ်စု ၊ အမျိုးသမီးအုပ်စု (၂) ၊ ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ထောင်စု (၁၀၀%)မှာ ရေလောင်း / ယင်လုံအိမ်သာ သုံးစွဲကြပြီး ကျန်းမာရေး ဗဟုသုတ နည်းပါးကြောင်း တွေ့ရှိရပါသည်။

## (ဂ) ဘေးအန္တရာယ်ထိခိုက်မှု အခြေအနေများ

ဇယား (၂၃) ညောင်ပင်သာ ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ် အခြေအနေ

| စဉ် | ဘေးအန္တရာယ်အမျိုးအစား | အန္တရာယ်ရှိနိုင်မှု အခြေအနေ ရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | - |
| ၂ | သဘာဂအရင်းအမြစ်ရှားပါးမှု | - |
| ၃ | ရေကြီးမှု | - |
| ၄ | မိုးခေါင်ခြင်း | အနည်းငယ်ရှိပါသည်။ |
| ၅ | အအေးလွန်ကဲခြင်း | - |
| ၆ | မုန်တိုင်း | - |
| ၇ | လျှပ် | - |
| ၈ | မီးဘေး | - |
| ၉ | ဆားငန်ရေဝင်မြေ | - |
| ၁၀ | မြေပြိုခြင်း ၊ မြေဆီလွှာ ပျက်ယွင်းမှု | - |
| ၁၁ | သစ်တောပြုန်းတီးခြင်း | - |
| ၁၂ | ငှက်ဖျားရောဂါ | အနည်းငယ်ရှိပါသည်။ |
| ၁၃ | တီဘီရောဂါ | အနည်းငယ်ရှိပါသည်။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | - |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | - |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | - |
| ၁၇ | လူကုန်ကူးခြင်း | မရှိ / မရှိ |
| ၁၈ | ဝေးလံခေါင်သီ / လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည့် | - |

ရင်းမြစ် - (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိ ရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မိုးရာသီပြောင်းချိန်တွင် ရာသီဖျား ၊ ငှက်ဖျား စသည့် ရောဂါများ အနည်းငယ် ဖြစ်ပွါးတတ်ပါသည်။

၉။ **သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ**

ဇယား (၂၄) ညောင်ပင်သာကျေးရွာ၏ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ်များ အခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်၊ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | နိမ့် | - |
| အပင်မျိုးစိတ်များ | လတ် | - |
| ရေအရင်းအမြစ် | နိမ့် | - |
| ငါးမျိုးကွဲများ | နိမ့် | - |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | - |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ မြေဆီလွှာများ ပျက်စီးဆုံးရှုံးမှု မရှိစေရန် လုပ်ဆောင်ပေးသင့်ပါသည်။ကျေးရွာသူ/သားများ၏ ဓာတုဆေးဝါးများ စနစ်တကျ သုံးစွဲမှု မရှိခြင်းကြောင့် မြေဆီလွှာ များ ပျက်စီးနေကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁၀) **ကျား - မရေးရာ**

ဇယား (၂၅) ညောင်ပင်သာ ကျေးရွာ၏ ကျား/မရေးရာ

| စဉ် | ကျေးရွာ၏ လူမှုစီးပွားဖွံ့ဖြိုးစေရေး အတွက်အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သောအချက်များ | ဦးတည်အုပ်စု ဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☐ | မရှိ √ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်မှု | ရှိ √ | မရှိ ☐ |

ရင်းမြစ်-(၁)အဖွဲ့အစည်းများစာရင်း၊(၂)ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊ ရပ်မိရပ်ဖအုပ်စု ၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု မရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးတက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြ ပြီး ကျား၊ မ တန်းတူ ဆက်ဆံမှုရှိကြောင်းလည်း တွေ့ရှိရပါသည်။

၇။ **ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ**

**တောင်တွင်းကြီးမြို့နယ် ၊ ဆူးကောက်ကြီးကျေးရွာအုပ်စု ၊ ညောင်ပင်သာကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား**

**ရပ်မိရပ်ဖအဖွဲ့**

| စဉ် | လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများ ကိုဖြစ်စေသော အကြောင်း အရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေ ကောင်းများ | အဟန့်အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်း များ | အဆိုပြု စီမံချက် များနှင့် လုပ်ငန်း များ |
|---|---|---|---|---|---|---|
| ၁ | -ရွာတွင်းလမ်း မကောင်း ခြင်း။ | -ကျွဲ ၊ နွား နှင့် လှည်း အထွက် များခြင်း။ | -သဲအလွယ် တကူ ရရှိခြင်း။<br>-လုပ်သားအင်အား ထည့်ဝင် နိုင်ခြင်း။ | -ကျေးရွာ ရန်ပုံငွေ မထည့်ဝင်နိုင် ခြင်း။ | -ကျေးလက် ဌာနနှင့် ချိတ် ဆက်ခြင်း။ | -ရွာတွင်း လမ်း ခင်းခြင်း စီမံချက်။ |
| ၂ | -ကျောင်းသား များ သွားလာ ရန် ခက်ခဲ ခြင်း။ | -တံတား ကျဉ်း နေခြင်း။<br>-နှစ်ကြာပြီး ဆွေးမြေ့နေခြင်း။ | -တံတား ပြုလုပ်ရန် တက်ကျွမ်း ပညာရှင်များ ရှိခြင်း။ | -ငွေအရင်း အနှီး မရှိခြင်း။<br>- သက်ဆိုင်ရာ ဌာနများ နှင့် ချိတ်ဆက်မှု အားနည်းခြင်း။ | -သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက် သွားခြင်း။<br>-အလှူရှင် များနှင့်ချိတ် ဆက်သွားခြင်း။ | -စာသင် ကျောင်း လမ်း တံ တား ဆောက် လုပ်ခြင်း စီမံချက်။ |
| ၃ | -ကျောင်းဝန်း လုံခြုံမှု မရှိ ခြင်း။ | -ကျောင်းခြံစည်း ရိုး နယ်နိမိတ် ရှိခြင်း။<br>-သံဆူးကြိုး အနည်းငယ် ကပ်ထားခြင်း။ | -ပန်းရံဆရာ များရှိခြင်း။<br>-ကျောင်း ကော်မတီများ ဖွဲ့စည်း ထားခြင်း။ | -ကျောင်းရန် ပုံငွေ မရှိ ခြင်း။ | -သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက် သွားခြင်း။ | -ကျောင်း ခြံစည်းရိုး ပြုလုပ် ခြင်း စီမံချက်။ |
| ၄ | -ကျောင်းသား ဦးရေနှင့် အိမ်သာ မမျှတ ခြင်း။ | -အိမ်သာများ ပျက်စီးနေခြင်း။<br>-အိမ်သာ မရှိခြင်း။ | -အိမ်သာ ဆောက်ရန် နေရာ အခက် အခဲ မရှိခြင်း။<br>-လုပ်သား အင်အား ပါဝင်နိုင်ခြင်း။ | -ငွေအရင်း အနှီး မရှိခြင်း။ | -ပညာရေး ဌာနနှင့် ချိတ်ဆက် သွားခြင်း။ | -စာသင် ကျောင်း အိမ်သာ အသစ် တည်ဆောက် ခြင်းစီမံချက်။ |
| ၅ | -အလယ်တန်း ကျောင်းဆောင် မရှိခြင်း။ | -ကျေးရွာမှ ကိုယ်ထူကိုယ်ထ မတည် ဆောက် နိုင်ခြင်း။ | -ကျောင်း ဆောက်ရန် မြေနေရာ ရှိခြင်း။<br>-ယခင်နှစ် များက အလယ်တန်း ကျောင်းဆောင် ရရှိရန် အထက် သို့ တင်ထားခြင်း။ | -ငွေကြေး အရင်း အနှီး မရှိခြင်း။<br>-အလှူရှင် များ မရှိခြင်း။ | -ပညာရေး ဌာနနှင့် ချိတ်ဆက် သွားခြင်း။ | -ကျောင်း ဆောင် သစ် ဆောက် လုပ်ခြင်း စီမံချက်။ |

## တောင်တွင်းကြီးမြို့နယ် ၊ ဆူးကောက်ကြီးကျေးရွာအုပ်စု ၊ ညောင်ပင်သာကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား

**တောင်သူအဖွဲ့**

| စဉ် | လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများ ကိုဖြစ်စေသော အကြောင်း အရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက် အပံ့ဖြစ်မည့် အခြေအနေ ကောင်းများ | အဟန့် အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်း များ | အဆိုပြု စီမံချက် များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | - ရေလုံ လောက်စွာ မရရှိနိုင်ခြင်း။ | -နှစ်ကြာ၍ နုံးတင်၍ ရေကန် ကောနေခြင်း။ | -ရေကန် တူး ဖော်ပြီးလျှင် လက်ရှိ သုံးစွဲ မှု ပမာဏ (၈၂) ဧက ထက် သုံးဆ ပိုသောက်သုံး နိုင်ခြင်း။ | -ရေကန်တူး ဖော်ရန် စက်ယန္တရား များလိုအပ် ခြင်း။<br>-ငွေအရင်း အနှီး မရှိခြင်း။ | -သက်ဆိုင် ရာဌာနများ နှင့် ချိတ် ဆက်သွား ခြင်း။ | -ရေကန် တူးဖော်ခြင်း စီမံချက်။ |
| ၂ | -ရွာလမ်းဆုံ တွင် ရေပြွန် လိုအပ်ခြင်း။ | -လမ်းဘေး ဝဲယာ အိမ်များမှ ရေထွက်ခြင်း။ | -လမ်းဘေး ဝဲယာများ တွင် ရေမြောင်း များတူးထား ခြင်း။ | -ရေပြွန်ဝယ်ယူ ရန် ကျေးရွာရှိ နေအိမ်များမှ ငွေကြေး မတက်နိုင် ခြင်း။ | -အထက်ဌာန များမှ ရေပြွန် ထုတ်ပေး လျှင် အဆင် ပြေသွား နိုင်ခြင်း။ | -ရေနုတ် မြောင်း တူးဖော်ခြင်း စီမံချက်။ |
| ၃ | -မြောင်း ဟောင်းများ ကောနေခြင်း။ | -ရေသွားများ၍ သဲပို့ခြင်း။<br>-နုံးတင်၍ မြောင်းကော ခြင်း။ | -မူလမြောင်း ဟောင်းများ ရှိနေခြင်း။ | -မြောင်းကော ၍ ရေမရရှိ ခြင်း။ | -သက်ဆိုင် ရာဌာနများမှ မြောင်း ဟောင်းများ ပြန်လည် တူးဖော်ပေး မည်ဆိုပါက အဆင်ပြေ သွားခြင်း။ | -လယ်ရေ ရရှိရန် မြောင်း ပြန်လည် တူး ဖော်ခြင်း စီမံချက်။ |

**တောင်တွင်းကြီးမြို့နယ် ၊ ဆူးကောက်ကြီးကျေးရွာအုပ်စု ၊ ညောင်ပင်သာကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား**

**စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအဖွဲ့**

| စဉ် | လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများ ကိုဖြစ်စေသော အကြောင်း အရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက် အပံ့ဖြစ်မည့် အခြေအနေ ကောင်းများ | အဟန့်အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်း များ | အဆိုပြု စီမံချက် များနှင့် လုပ်ငန်း များ |
|---|---|---|---|---|---|---|
| ၁ | -ကျေးရွာတွင် အတိုးနှုန်း မြင့်မားစွာ ချေးရခြင်း။ | -ကျေးရွာတွင် အလုပ်ပုံမှန် မရှိခြင်း။ -ဝင်ငွေ နည်းပါးခြင်း။ | -ပြည်တွင်း ပြည်ပ အလုပ် သွားရောက် လုပ်ကိုင်သူ များ ရှိခြင်း။ | -သတ်မှတ် ပစ္စည်းပါမှ သာလျှင် ငွေထုတ် ချေးခြင်း။ -အခြား အဖွဲ့ အစည်းများ မှ သတ်မှတ် ထားသည့် အချက် အလက်များ မရှိသည့် အတွက် ထုတ်ချေးမှု မရှိခြင်း။ | -အတိုးနှုန်း သက်သာပြီး ကာလရှည် ထုတ်ချေး နိုင်မည့် ဌာန နှင့် ချိတ်ဆက် သွားခြင်း။ | -အတိုးနှုန်း သက်သာ သည့် ချေးငွေ ရရှိခြင်း စီမံချက်။ |
| ၂ | --အတန်း ပညာတတ် အားနည်း ခြင်းနှင့် အသက်မွေး ပညာ ကျွမ်း ကျင်မှု အား နည်းခြင်း။ | -ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်း အားနည်း ခြင်း။ -အတန်းပညာ တတ်ရောက်မှု နည်းခြင်း။ | - သင်တန်းဖွင့် လှစ်ရန် နေရာ ရှိ ခြင်း။ -သင်တန်း တက်ရန် စိတ်ပါဝင်စား မှု ရှိခြင်း။ | -ကျေးရွာမှ စက်များ ချို့ ယွင်းလျှင် ပညာရှင်များ ခေါ်ရခြင်း။ -အချိန်မီ မရောက်ရှိ နိုင်ခြင်း။ | -အသက်မွေး ဝမ်းကျောင်း ဖွင့်လှစ် ပေးမည့် ဌာနများနှင့် ချိတ်ဆက် ခြင်း။ | -အသက် မွေးဝမ်း ကျောင်း သင်တန်း များ ဖွင့် လှစ်ခြင်း စီမံချက်။ |

**တောင်တွင်းကြီးမြို့နယ်၊ ဆူးကောက်ကြီးကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား**

**အမျိုးသမီးရေးရာအဖွဲ့**

| စဉ် | လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများကိုဖြစ်စေသော အကြောင်းအရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက် အပံ့ဖြစ်မည့် အခြေအနေ ကောင်းများ | အဟနဝ့်အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်းများ | အဆိုပြု စီမံချက် များနှင့် လုပ်ငန်း များ |
|---|---|---|---|---|---|---|
| ၁ | -အရေးပေါ် လူနာများ အချိန်မီ မကုသ နိုင်ခြင်း။<br>-ကျေးရွာ ဆေးခန်းနှင့် အဆောက် အဦး မရှိခြင်း။ | -ကျေးရွာတွင် ဆေးခန်း မရှိခြင်း။<br>-ကျန်းမာရေး ဆရာများ ရွာတွင် မရှိ ခြင်း။<br>-ကျန်းမာရေး ဗဟုသုတ နည်းခြင်း။ | -ဆေးခန်း ဆောက်လုပ် ရန် မြေနေရာ ရှိခြင်း။<br>-ကျေးရွာ အလှူရှင် တစ်ဦးမှ ဆေးခန်း မြေနေရာ လှူ ထားခြင်း။ | -ဆေးခန်း ဆောက် လုပ်ရန် ငွေ မရှိခြင်း။<br>-အလှူရှင် မရှိခြင်း။<br>-နည်းပညာ ဝန်ဆောင်မှု ရရှိနိုင်သော ဌာန နှင့် ဖွံ့ ဖြိုးရေး အဖွဲ့ အစည်းများ ဆက်သွယ် ရန်လွယ်ကူ ခြင်း။ | -ကျေးရွာ ဆေးခန်း ဆောက်လုပ် ရန်နှင့် နည်း ပညာဗဟု သုတများ ရရှိရန် အချိတ် အဆက် ပြု လုပ်ခြင်း။ | -ကျန်းမာ ရေး ဆေး ပေးခန်း ဆောက်လု ပ်ရေး စီမံချက်။ |
| ၂ | -အလုပ် အကိုင်အခွင့် အလမ်း နည်းပါးခြင်း။ | -လုပ်ငန်းခွင် သုံး ပညာရေး အဆင့်အတန်း နိမ့်ခြင်း။ | -အလုပ်လုပ် နိုင်သည့် လူ ငယ် လူရွယ် များ ရှိခြင်း။ | -အသက် မွေး နည်း ပညာ ထောက်ပံ့မှု စီမံကိန်း များ မရှိ ခြင်း။ | -ကျေးရွာတွင် သင်တန်းများ ဖွင့်လှစ်ရန် ဌာနဆိုင်ရာ နှင့်ချိတ်ဆက် သွားခြင်း။ | -စက်ချုပ် သင်တန်း ဖွင့်လှစ် ခြင်း စီမံချက်။ |

**တောင်တွင်းကြီးမြို့နယ် ၊ ဆူးကောက်ကြီးကျေးရွာအုပ်စု ၊ ညောင်ပင်သာကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား**

**လူငယ်အဖွဲ့**

| စဉ် | လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများ ကိုဖြစ်စေသော အကြောင်း အရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက်အပံ့ ဖြစ်မည့် အခြေအနေ ကောင်းများ | အဟန့်အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်းများ | အဆိုပြု စီမံချက် များနှင့် လုပ်ငန်း များ |
|---|---|---|---|---|---|---|
| ၁ | -လူငယ်များ ဖုန်း အသုံး များနေခြင်း။<br>-အချိန်ကို အကျိုးရှိစွာ အသုံးမချ ခြင်း။ | -ဆင်းကဒ်များ ဈေးနှုန်းချိုသာ စွာ ရရှိခြင်း။<br>-ဂိမ်းဆော့ ခြင်း။<br>-အင်တာနက် လိုင်းကောင်း ခြင်းတို့ကြောင့် လိုင်းသုံးခြင်း။ | -စာကြည့်တိုက် ဆောက်လုပ် ရန်မြေနေရာ ရှိခြင်း။<br>-စာအုပ် ဗီဒို ရှိခြင်း။ | -ကျေးရွာတွင် အလှူရှင် မရှိ ခြင်း။<br>-ရပ်ရွာ ရန်ပုံ ငွေ မရှိခြင်း။ | -သက်ဆိုင်ရာ ဌာနများ နှင့် ချိတ်ဆက်ခြင်း။ | -စာကြည့် တိုက် ဆောက်လု ပ်ခြင်း စီမံချက်။ |
| ၂ | -လူငယ်ကဏ္ဍ ဖွံ့ဖြိုးမှု အား နည်းခြင်း။ | -အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း။ | -လူငယ်များ အသက်မွေး လုပ်ငန်းများ စိတ်ဝင်စားမှု ရှိခြင်း။ | -သင်တန်း တက်ရန်နှင့် အဆက် အသွယ် အရင်းအနှီး မရှိခြင်း။ | -အဆက် အသွယ်နှင့် အရင်းအနှီးများ ရရှိရန် ဖန်တီး ပေးခြင်း။ | -လူငယ် အသက် မွေးဝမ်း ကျောင်း သင်တန်း ဖွင့်လှစ် ခြင်း စီမံချက်။ |